ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

## နရွဲချောင်ကျေးရွာ၊ နရွဲချောင်ကျေးရွာအုပ်စု

၂၀၁၇ ခုနှစ် ကျောက်တန်းမြို့

မာတိကာ


၁။ကျောက်တန်းမြို့နယ်မြေပုံ ........ ၂

၂။နရွဲချောင်အုပ်စုမြေပုံ ........ ၃

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း ........ ၄

၄။ကျေးရွာအခြေခံအချက်အလက်များ ........ ၅

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် ........ ၆

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ .. ၇

၇။ကော်မတီဂင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ........ ၂၂


၈။ ကျေးရွာကော်မတီဂင်များစာရင်း ........ ၂၃

၁၀။ပုံစံစ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ........ ၂၆


၁၁။အစည်းအဝေးမှတ်တမ်းများ ........ ၂၈

၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP) ........ ၃၁

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ နရွဲချောင်ကျေးရွာ အုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ နရွဲချောင်ကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

နရွဲချောင်ကျေးရွာကို ၁၂၈၅ခုနှစ် ၊ကဆုန်လပြည့်နေ့တွင် ဦးဖိုးလမ်းကြီးတလှိုင်၊ ဖိုးပေါက်တူး၊ သူကြီးကျေးစားဖိုးချစ်စု(မုဆိုး)၊ဖိုးဖုတ်ကြီး၊ ဒေါ်အေး၊ ဖိုးရန်မျိုးဖိုးခံလာ၊ ဖိုးလှော်ကြီးတို့ စတင်တည်ထောင်ပြီး မုဆိုးများ နေထိုင်သည့်အတွက် မုဆိုးဆိပ်ကျေးရွာဟု စတင်ခေါ်ဝေါ်ပြီး ၁၂၉၆ခုနှစ်တွင် ကမာပိကန် တူးဖော်ပြီး ချောင်းခြားနေသောကြောင့် ကမာပိကန်အနီးတစ်ပိုက်တွင် နဘဲပင်များ ပေါက်ရောက်နေသောကြောင့် နရွဲချောင်ကျေးရွာဟု ပြန်လည်ပြောင်းခဲ့ပါသည်။ ကျေးရွာတွင် လူဦးရေ ၁၇၇၁ ရှိ၍ အများစုမှာ ဗမာလူမျိုးဖြစ်၍ ဟိန္ဒူအနည်းငယ် ရှိသည်။ အားလုံး ဗုဒ္ဓဘာသာကိုးကွယ်သည်။နရွဲချောင်ကျေးရွာသည် ကျောက်တန်း၏ တောင်ဘက်တွင် တည်ရှိ၍ ကုန်းလမ်းမှ ၁၃ မိုင်၊ ရေလမ်းမှ ၁၆ မိုင် ကွာဝေးသည်။

အဓိက စပါးစိုက်ပျိုးပြီး ပဲမျိုးစုံကိုလည်း စိုက်ပျိုးကြသည်။ မြောက်ဘက်တွင် ခနောင်ကျေးရွာ၊ တောင်ဘက်တွင် မုဆိုးဆိပ်ကျေးရွာတို့နှင့် ထိစပ်နေသည်။ လမ်းများသည် မိုးရာသီတွင် သွားလာရခက်ခဲပါသည်။ မိုးရာသီတွင် ချောင်းမှ ရေများတက်ခြင်း၊ ရွှံ့ဗွက်များစွာရှိခြင်းတို့ကြောင့် အလွန်ခက်ခဲလှပါသည်။

### ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဟိန္ဒူ | ၆၇ | ၂၅၁ | ၁၆၃ | ၃၁၄ |

### ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၅၇ | ၁၃၇ | ၁၈၄ | ၃၂၁ |
| မြေယာမဲ့ | ၃၁၉ | ၆၄၁ | ၆၈၂ | ၁၃၂၃ |
| မသန်စွမ်း | ၄ | ၃ | ၁ | ၄ |

### ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|

| | | | |
|---|---|---|---|
| စပါး | ကြက် | ဆန်စက် | နိုင်ငံခြားသွား |
| ပဲတီစိမ်း | ဝက် | ချွေလှေ့စက် | |
| | ဆိတ် | စျေးဆိုင် | |
| | ဘဲ | | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၃၆၅၄ | ၂၈.၉၅ | - | မရှိ | -/၈ | ၁ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ချွေလှေ့စက် | အသေးစားဆည် | စျေးဆိုင် |
| အရေအတွက် | ၃ | ၁၇ | ၂ | ၄ | - | ၁၂ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | - | ၁၆၃ | ၁၈၆ | ၃၇ | ၁၄၃ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၆၃ | ၁၇၀ | ၁၆ | ၂၅ | ၉ |


## ၈။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှု ရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၄-၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၂၇ | ၁၄ | ၄၁ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၄-၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၂၇ | ၁၄ | ၄၁ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃ | ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက် | ၄-၂-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၂၇ | ၁၄ | ၄၁ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံသုံးသပ်ချက် | ၄-၂-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၂၇ | ၁၄ | ၄၁ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ်သုံးသပ်ချက် | ၆-၂-၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၁၀ | ၁၀ | ၂၀ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၆-၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ဝန်ထမ်း | ၁၀ | ၁၀ | ၂၀ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ


**၁။ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။**



## သုံးသပ်ချက်

နရွဲချောင်ကျေးရွာတွင် အိမ်ခြေ ၃၉၄ အိမ်ရှိ၍ အိမ်ထောင်စု ၄၉၇ စု ရှိပါသည်။ လူဦးရေပေါင်း ၁၇၇၁ ဦး ရှိပါသည်။ ကျေးလက်ဆေးပေးခန်း တစ်ခုရှိသည်။ ရေကန်စုစုပေါင်း ( ၈ )ကန်ရှိ၍ သောက်သုံးရေ လုံလောက်သည်။ စေတီနှင့် ဘုန်းတော်ကြီးကျောင်း တည်ရှိသည်။ စာသင်ကျောင်း အလယ်တန်းကျောင်းခွဲ တစ်ကျောင်း ရှိပါသည်။ ချောင်းရှိ၍ ရေစီးရေလာ ရှိပါသည်။ အိမ်ခြေများမှာ ရွာအရှေ့ပိုင်းတွင် ၄၈ အိမ်၊ အနောက်ပိုင်းတွင် ၉၂ အိမ်၊ ကွင်းထဲတွင် ၂၅၄ အိမ် ရှိပါသည်။ ဟိန္ဒူလူမျိုးအများစုသည် ကွင်းထဲတွင် နေထိုင်ကြပါသည်။ ရွာလမ်းသွယ်များမှာ ကွန်ကရစ်လမ်းများ၊ မြေသားလမ်းများ ဖြစ်ပါသည်။ နရွဲချောင်နှင့် မုဆိုးဆိပ်ရွာချင်းဆက်တံတားတစ်စင်းရှိပါသည်။ရွာတွင်းလမ်းအချို့သည်ပျက်စီးနေပြီးအချို့သည်အလွန်ကျဉ်းမြောင်းနေ၍သွားလာရသည်မှာအလွန်ခက်ခဲပါသည်။ထို့ကြောင့်ပြုပြင်ရန်လိုအပ်ပါသည်။

### ၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။



| အမျိုးအစား | သတ်မှတ်ချက်များ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ပြေလည်သောမိသားစု | [illegible] ဆိုင်ကယ်၊ ... TV ... | ၁၂၂ | ၂၅ % |
| အလယ်အလတ်မိသားစု | [illegible] ဆိုင်ကယ်၊ TV ... | ၂၂၅ | ၄၅ % |
| ...မ်းပါးမိသားစု | [illegible] | ၁၅၀ | ၃၀% |
| | စုစုပေါင်း | ၄၉၇ | ၁၀၀ % |


## သုံးသပ်ချက်

နရွဲချောင်ကျေးရွာတွင် ပြေလည်သော မိသားစု၊ အလယ်အလတ် မိသားစု၊ နွမ်းပါးသော မိသားစု ဟူ၍ တွေ့ရသည်။ ပြေလည်သော မိသားစုတွင် သွပ်မိုး၊ပျဉ်ကာ၊ပျဉ်ခင်း၊လယ်ယာအနည်းအပါး၊လယ်ယာသုံးစက်ပစ္စည်း၊ဆိုင်ကယ်၊မီးစက်၊တီဗွီ၊ကျွဲ၊နွား အနည်းငယ် ပိုင်ဆိုင်ပြီး အိမ်ထောင်စု အရေအတွက် ၁၂၂စု၊ရာခိုင်နှုန်းမှာ ၂၅ရာခိုင်နှုန်း ဖြစ်သည်။

အလယ်အလတ် မိသားစုတွင် ခနိမိုး၊ ထရံကာ၊ ဆိုင်ကယ်၊ တီဗွီ၊ ကြက်၊ ဘဲ၊ ဝက်တို့ ပိုင်ဆိုင်ကြသည်။ အိမ်ထောင်စု အရေအတွက်မှာ ၂၂၅ စု၊ ရာခိုင်နှုန်းမှာ ၄၅ ရာခိုင်နှုန်း ဖြစ်သည်။

နွမ်းပါးသော မိသားစုတွင် ခနိမိုး၊ ခနိကာ၊ ဝါးခင်း၊ ပျဉ်ခင်း၊ ထရံကာ၊ ကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြပြီး၊ စာရင်းငှား၊ လယ်ကူလီတို့ လုပ်ကိုင်ကြပြီး အိမ်ထောင်စုအရေအတွက် ၁၅၀စု၊ ရာခိုင်နှုန်းမှာ ၃၀ ရာခိုင်နှုန်းဖြစ်သည်။

## ၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။



**သုံးသပ်ချက်**

**စိုက်ပျိုးရေး** နယုန်လများတွင် စပါးကို စတင်စိုက်ပျိုးပါသည်။ တန်ဆောင်မုန်း၊နတ်တော်လများတွင် စပါးရိတ်သိမ်းကြပါသည်။ စပါးရိတ်သိမ်းပြီးချိန်တွင် ပဲတည်စိမ်းများကို သီးထပ် စိုက်ပျိုးကြပါသည်။

**ငါးဖမ်းလုပ်ငန်း**

ငါးဖမ်းလုပ်ငန်းကိုဂါဆိုလမှတန်ဆောင်မုန်းလအထိလုပ်ကိုင်ကြပါသည်။မိုးရာသီဖြစ်သောကြောင့် ငါးရတဲ့အချိန်ဖြစ်သောကြောင့်ဖြစ်သည်။

**မွေးမြူရေး** မိသားစုတပိုင်တနိုင်ဝင်ငွေရရှိရန်အတွက်ဂါဆို၊ဂါခေါင်၊တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊နတ်တော်လတို့တွင် ဘဲနဲ့ဝက်တို့ကို မွေးမြူကြပါသည်။

**ကျန်မာရေး**


ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်သောကဆုန်၊နယုန်၊ဂါဆိုလများတွင်ဖျားနာခြင်းတို့ဖြစ်လေ့ရှိ ပါသည်။

**ပွဲတော်များ** တန်းခူးလမှာ သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တပေါင်းလတွင် ဘုရားပွဲတော်များကျင်းပကြပါသည်။

**ဝင်ငွေ** သီတင်းကျွတ်၊တန်ဆောင်မုန်း၊ နတ်တော်၊တပို့တွဲလများတွင် ရာသီသီးနှံပေါ်ချိန်ဖြစ်၍ ဝင်ငွေအသင့်အတင့်ရှိသော်လည်း ကျန်လများတွင်နေ့စားလုပ်ငန်းများဖြင့်သာ လုပ်ကိုင်ဆောင်ရွက်ရခြင်းကြောင့် မိသားစုဝင်ငွေမှာ နည်းပါးပါသည်။

**ထွက်ငွေ** တန်ခူး၊ဂါဆို၊ဂါခေါင်၊သီတင်းကျွတ်၊တန်ဆောင်မုန်းတပို့တွဲ၊ တပေါင်းလများတွင်ထွက်ငွေအများအပြားရှိပြီးကျန်လများတွင်အနည်းငယ်သာရှိပါသည်။

**၄။ ဗင်းပုံစံသုံးသပ်ချက်။**




သုံးသပ်ချက်

ကျေးရွာလူထုနှင့်အုပ်ချုပ်ရေး၊လူမှုရေးအဖွဲ့၊အမျိုးသားအဖွဲ့တို့သည်ရွာ၏ ပညာရေး၊ဖွံ့ဖြိုးရေးတို့ကိုတိုးတက်အောင်ဆောင်ရွက်နေကြပါသည်။

ကျန်းမာရေး၊အဖွဲ့၊ကြက်ခြေနီအဖွဲ့တို့သည်ကျေးရွာ၏ကျန်းမာရေးစောင့်ရှောက်မှုများကိုပြုလုပ်□ ကပါသည်။အမျိုးသမီးရေးရာနှင့်အမျိုးသမီးအဖွဲ့တို့သည်။ အမျိုးသမီးများ၏လိုအပ်ချက်များကိုဖြည့်ဆည်းပေးပါသည်။ အရန်မီးသတ်၊နှင့်လုံခြုံရေးအဖွဲ့တို့သည် ကျေးရွာ၏လုံခြုံရေးကိုအဓိကထားပူးပေါင်းဆောင်ရွက်ကြပါသည်။

မြို့နယ်အုပ်ချုပ်ရေး၊ရဲစခန်း၊ တရားရုံး၊မွေးမြူရေး၊ဆေးရုံတို့သည် ကျေးရွာ၏ကိစ္စအဝဝကိုကူညီဖြေရှင်းဆောင်ရွက်ပေးပါသည်။စိုက်ဘဏ်၊သမဘဏ်၊ စီးပွားရေးဘဏ်တို့ ကျေးရွာသားများ၏ငွေကြေးအခက်အခဲများကိုကူညီဖြေရှင်းပေးပါသည်။

၅။ ပင့်ကူအိမ်သုံးသပ်ချက်။



## သုံးသပ်ချက်

**ဆုံးဖြတ်ချက်** ကျေးရွာအတွင်းဆုံးဖြတ်ချက်များချရာတွင် အမျိုးသားများက အမျိုးသမီးများထက် ပို၍ဆုံးဖြတ်ချက်ချနိုင်သည်ကိုတွေ့ရှိရပါသည်။ရှေးရိုးအစဉ်အလာအရအမျိုးသားကိုအခွင့်အရေးပေးကြခြင်းဖြစ်ပါသည်။

**ပညာရေးပါဝင်မှု** အမျိုးသားများနှင့် အမျိုးသမီးများသည် ပညာရေးတွင်တန်းတူအခွင့်ရေး ရရှိသည်ကို တွေ့ရှိရပါသည်။ပညာရေးကိုဦးစားပေးသောရွာတရွာဖြစ်ပါသည်။

**သာရေးနာရေး** သာရေးနာရေးတွင် ကျေးရွာအတွင်းရှိအမျိုးသားများနှင့် အမျိုးသမီးများသည်တန်းတူပါဝင်ဆောင်ရွက်နေသည်ကိုတွေရှိရပါသည်။

**အလုပ်ကိုင်အခွင့်လမ်း** ကျေးရွာအတွင်းအမျိုးသားများနှင့် အမျိုးသမီးများသည် အလုပ်အကိုင် အခွင်အလမ်းမှာခြားနားမှုမှာအနည်းငယ်သာရှိပါသည်။ အမျိုးသမီးများသည်ခန္ဓာကိုယ်ဖွဲ့ စည်းတည်ဆောက်ပုံကြောင့်နှင့်ရှေးရိုးအစဉ်အလာတို့ကြောင့်ဖြစ်ပါသည်။


**ဝင်ငွေ** -
အမျိုးသားများ၏ဝင်ငွေသည်အမျိုးသမီးများထက်ပို၍များသည်ကိုတွေ့ရှိရပြီးအကြောင်း မှာအမျိုးသမီးများသည်အိမ်တွင်းတွင်သာအချိန်ကုန်နေသောကြောင့်ဖြစ်ပါသည်။

**အိမ်မှုကိစ္စအပေါ်ဆောင်ရွက်မှု-** အမျိုးသားများသည် အိမ်မှုကိစ္စအပေါ်တွင် ပူးပေါင်းပါဝင်မှုရှိသည်ကိုလည်းတွေ့ရှိရပါသည်။အမျိုးသားများသည်အပြင်ထွက်ဝင်ငွေရှာ ဖွေချိန်များသောကြောင့် ဖြစ်ပါသည်။

**လုံခြုံမှု** အမျိုးသမီးများသည် အမျိုးသားထက် ကျန်းမာရေးအသိပညာ ပိုမိုတွေ့ရှိသည်ကို တွေ့ရှိရပါသည်။
အမျိုးသမီးများသည်အမျိုးသားများထက်ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်ပုံမတူညီသော ကြောင့်နှင့်ပို၍ကြောက်တတ်ခြင်းတို့ကြောင့်ဖြစ်ပါသည်။

**ဘာသာရေး** အမျိုးသမီးများနှင့် အမျိုးသားများသည် အဖွဲ့အစည်းများတွင် တန်းတူ ပူးပေါင်းပါဝင် လုပ်ကိုင်ဆောင်ရွက်နေသည်ကိုတွေ့ရှိရပါသည်။ကျေးရွာတွင်းရှိဂတ်အသင်းများတွင်အမျိုးသမီးများဦးဆောင်ကာဖွဲ့စည်းထားသည်ကိုတွေ့ရှိရပါသည်

**၆။ပိုင်ဆိုင်မှုသုံးသပ်ခြင်း။**






### သုံးသပ်ချက်

**ထိန်းချုပ်မှု** ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော ခြင်းကွင်း၊လယ်ယာသုံးပစ္စည်း၊ ဆိုင်ကယ်နှင့်လှည်းစသည့် အရင်းအမြစ်များကို အမျိုးသားများမှ ထိန်းချုပ်ထားပါသည်။ အပ်ချုပ်စက်၊မွေးမြူရေးအား အမျိုးသမီးများမှ ထိန်းချုပ်ထားပြီး အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးထိန်းချုပ်ထားသော အရင်းအမြစ်များမှာ ရေတွင်း /ရေကန်၊ လယ်၊ တီဗီ၊ဖုန်းစသည်တို့ကို ထိန်းချုပ်ထားပါသည်။

**အသုံးပြုမှု** ကျေးရွာ၏အရင်းအမြစ်ဖြစ်သောခြင်းကွင်း၊ လယ်ယာသုံးပစ္စည်း၊ ဆိုင်ကယ်နှင့်လှည်းစသည်တို့ကို အမျိုးသားများအသုံးပြုပြီး အပ်ချုပ်စက်နှင့်မွေးမြူရေးအား အမျိုးသမီးများသာ အသုံးပြု၍ အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးအသုံးပြုသော အရင်းအမြစ်များမှာ ရေတွင်း /ရေကန်၊ လယ်၊ တီဗီ၊ဖုန်းတို့ကို အသုံးပြုကြပါသည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့နှင့်ရပ်မိရပ်ဖများသို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။
အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည်

တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

**၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ**

**မေးမြန်းသည့်ရက်။ ရက်စွဲ - ၆.၂.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေးအတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးေ | √ | | |

| | | | | |
|---|---|---|---|---|
| | ဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



လူမှုဆန်းစစ်ခြင်း မှတ်တမ်းဓါတ်ပုံ



စီမံကိန်းမိတ်ဆက်အစည်းအဝေး မှတ်တမ်းတင်ဓါတ်ပုံ။



ကော်မတီရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



စေတနာ့ဝန်ထမ်းများ ရွေးချယ်ခြင်းမှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓါတ်ပုံ

## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးသြဘာ | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်ဂင်းဂင်းနွယ် | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးတင့်လွင်ဦး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဒေါ်တင်တင်မော် | မ | ဝယ်ယူရေးဆပ်ကော်မတီ |
| ၅ | ဦးတင်မောင်ဂင်း | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၆ | ဒေါ်လဲ့လဲ့ဆွေ | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၇ | ဦးစိုးမြင့် | ကျား | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၈ | ဒေါ်စန်းကြည် | မ | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၉ | ဦးနိုင်ဦး | ကျား | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၀ | ဒေါ်ဥမ္မာ | မ | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၁ | ဦးသိန်းရွှေ | ကျား | ကျေးရွာစာရင်းကိုင် |
| ၁၂ | ဦးသန်းထွန်း | ကျား | စေတနာ့ဂန်ထမ်း |
| ၁၃ | ဒေါ်သီသီဂင်း | မ | စေတနာ့ဂန်ထမ်း |

စုစုပေါင်း။ (၁၃) ယောက်        ကျား-(၇) ယောက် + မ- (၆) ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဒေါ်ဂင်းဂင်းနွယ်        ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ
၂။ဦးသန်းလွင်        ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ
၃။ဦးသြဘာ        ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဥက္ကဌ
၄။ဦးမြင့်အေး        ဘဏ္ဍာရေးဆပ်ကော်မတီ၊ စာရင်းကိုင်
၅။ဒေါ်သန်းသန်းဆွေ        ဘဏ္ဍာရေးဆပ်ကော်မတီ၊ အဖွဲ့ဂင်
၆။ဒေါ်ပြုံးမာလာ        အုပ်စုအဖွဲ့ဂင်
၇။ဦးသန်းဇော်ဂင်း        အုပ်စုအဖွဲ့ဂင်
၈။ဒေါ်ကြည်ကြည်မျိုး        အုပ်စုအဖွဲ့ဂင်

**မှတ်တမ်းတင်သူ**

အမည်။ ဒေါ်မျိုးသန္တာထွန်း

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၆.၂.၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံ မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အ များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Table တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးဝင်းလှိုင် | 09-799447156 | ဇော်မျိုးဘုန်းထွန်း |
| ပြည်နယ်၊တိုင်းဒေသကြီး ရန်ကုန် / မြို့နယ် ကျောက်တန်း | ကျေးရွာအုပ်စု နရွှေချောင် | ကျေးရွာ နရွှေချောင် |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွ |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၄၃၀ | ဘာသာ (၁) ဗုဒ္ဓ | ၄၃၀ |
| လူမျိုးစု (၂) ဟိန္ဒူ | ၆၇ | ဘာသာ (၂) ဟိန္ဒူ | ၆၇ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၄ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၅၆ | | |
| စစ်ဘေးရှောင် | ၈ | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၇၁၁ | ၈၇၉ |
| လူမျိုးစု (၁)--ဗမာ | ၄၆၁ | ၇၁၆ |
| လူမျိုးစု (၂)--ဟိန္ဒူ | ၂၅၀ | ၁၆၃ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၄၄၃ | ၅၄ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☑ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☑ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် [illegible] ဒ.လ.က(ခွဲ) | | | | မှတ်ချက် သက်ကြီး: ဗုဒ္ဓဟူးနေ့တိုင်း ကျန်းမာရေးဆေးပေး | | | မှတ်ချက် ဟိန္ဒူဘုရားကျောင်း | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | | | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း **ကွန်ကရစ်လမ်း** မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ______________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/**မရှိပါ**/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်--------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---ဘုရား---

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ~~[illegible]~~ အုပ်ချုပ်ရေးအဖွဲ့

(၂) အရန်မီးသတ်

(၃) လူမှုရေးကူညီမှုအသင်း

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးဝင်းလှိုင်

လက်မှတ် နေ့စွဲ ၂၁၊ ၁၊ ၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဒေါ်မျိုးသန္တာထွန်း

လက်မှတ် နေ့စွဲ ၂၁၊ ၁၊ ၂၀၁၇

## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

### ပုံစံ - စ- ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3 )

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့် ( ၃ ) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသည့်အခါ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူး အကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် ဇော်မျိုးသန်းထွန်း | | | |
| နေ့စွဲ ၂၆၊ ၁၊ ၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) [x] စက်ဝန်း ( ၁ ) [ ] စက်ဝန်း ( ၂ ) [ ] စက်ဝန်း ( ၃ ) [ ] စက်ဝန်း ( ၄ ) | | |
| ပြည်နယ် / တိုင်း ရန်ကုန် | မြို့နယ် ကျောက်တန်း | ကျေးရွာအုပ်စု နွဲချောင် | ကျေးရွာ နွဲချောင် |

က။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတတ်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ ( အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ( ၅ )ခုစီဖေါ်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | | အမျိုးသမီးအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေးအခက်အခဲ | ၁ | အလုပ်အကိုင်အခက်အခဲ |
| ၂ | ချောင်း/မြောင်းများတိမ်ကောနေမှု | ၂ | ရေကန်အခက်အခဲ |
| ၃ | သောက်သုံးရေအခက်အခဲ | ၃ | သွားရေးလာရေးအခက်အခဲ |
| ၄ | စာကြည့်တိုက်မရှိ အခက်အခဲ | ၄ | စီးပွားရေးအခက်အခဲ (ပုံမှန်ဝင်ငွေမရှိ) |
| ၅ | ပညာရေးအခက်အခဲ | ၅ | ကျန်းမာရေးအခက်အခဲ |

ခ။ မျှော်မှန်းခြင်း - နောက်လာမည့် ( ၅ )နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ မျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ဈေးလက်ဆေးဆေးခန်း | ၁ | ရွာတွင်းလမ်းများကောင်းမွန်လာရန် |
| ၂ | အထက်တန်းကျောင်း | ၂ | မီးရရှိရန် |
| ၃ | ရွာတွင်းရွာပြင်လမ်း | ၃ | တံတားမြဲမြံရန် |
| ၄ | လျှပ်စစ်မီး | ၄ | ချောင်းရေကာတာ |
| ၅ | ချောင်းရေကာတာ | ၅ | ရွာပြင်လမ်း |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှုလုပ်ငန်းအစီစဉ်များ အားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| ၁ | ရွာအဝင်လမ်း | အမျိုးသား + အမျိုးသမီး | ၆၅၀၀,၀၀၀ | ရွာသူ/သားအားလုံး |
| ၂ | စံပယ်လမ်း | အမျိုးသား + အမျိုးသမီး | ၆၀၀၀,၀၀၀ | ရွာသူ/သားအားလုံး |
| ၃ | ဂန္ဓာလမ်း | အမျိုးသား + အမျိုးသမီး | ၆၆၀၀,၀၀၀ | ရွာသူ/သားအားလုံး |
| ၄ | အကျော့ပိုင်းကွက်သစ်လမ်း | အမျိုးသား + အမျိုးသမီး | ၂,၀၀၀,၀၀၀ | ရွာသူ/သားအားလုံး |
| ၅ | ဦးယံတော်မြိုင်လမ်း | အမျိုးသား + အမျိုးသမီး | ၇,၀၀၀,၀၀၀ | ရွာသူ/သားအားလုံး |
| ၆ | ရေကန်ခြံစည်းရိုး | အမျိုးသား + အမျိုးသမီး | ၁၅၀၀,၀၀၀ | ရွာသူ/သားအားလုံး |
| ၇ | နတ်စင်ကန်ခြံစည်းရိုး | အမျိုးသား + အမျိုးသမီး | | ရွာသူ/သားအားလုံး |
| ၈ | စာသင်ကျောင်းတိုးချဲ့ | အမျိုးသား + အမျိုးသမီး | | ရွာသူ/သားအားလုံး |
| ၉ | ကွင်းကျောင်းကန်ခြံစည်းရိုး | အမျိုးသား + အမျိုးသမီး | | ရွာသူ/သားအားလုံး |
| ၁၀ | ဆေးပေးခန်းပြုပြင်ရန် | အမျိုးသား + အမျိုးသမီး | | ရွာသူ/သားအားလုံး |

…ရွဲချောင် ကျေးရွာ

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ | အဆိုပြုသူ | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ |
|---|---|---|---|---|
| ၁၁ | စာကြည့်တိုက် | အမျိုးသား + အမျိုးသမီး | | ရွာသူ/သား အားလုံး |
| ၁၂ | တံတား ပြုပြင်ရန် | အမျိုးသမီး | | ရွာသူ/သား အချို့ |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတတ်
အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အ |
|---|---|---|---|
| ၁။ | လျှပ်စစ်မီး | အမျိုးသား + အမျိုးသမီး | |
| ၂။ | ချောင်းရေကာတာ | အမျိုးသား + အမျိုးသမီး | |
| | | | |
| | | | |
| | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်----ဒေါ်ဝင်းဝင်းနွယ် လက်မှတ်-------------------------- နေ့စွဲ-----20.12.202

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ကျေးရွာ | နရွဲချောင် |
| ကျေးရွာအုပ်စု | နရွဲချောင် |
| အစည်းအဝေးပြုလုပ်သည့်နေရာ | နရွဲချောင် ဘုရားဝန်းအတွင်း |
| အစည်းအဝေးပြုလုပ်သည့်နေ့ရက် | ၂၃.၁.၂၀၁၇ ( စနေ နေ့ ) |
| အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ | ကျေးရွာစီမံကိန်းမိတ်ဆက် အစည်းအဝေး |

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၁၈၃)ဦး ၊မ ( ၉၆ )ဦး= (၂၇၉) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ကျေးရွာလူထုမှ လူထုဗဟိုပြုစီမံကိန်းနှင့်ပတ်သက်သည်များကို သိရှိစေရန် နှင့် ကျေးရွာအတွက် စေတနာ့ဝန်ထမ်းများ ထွက်ပေါ်လာစေရန်။

ဆွေးနွေးချက်များ။ ။ ကျေးရွာရပ်မိရပ်ဖ ဦးဝင်းလှိုင်မှ စီမံကိန်းသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ပြုလုပ်သွားမည် နှင့် ရွာသားများအနေနှင့် အချိန်ပေး၍ ပုံမှန်တက်ရောက် ပါဝင်ပေးရန် ပြောကြားခဲ့သည်။

ဆွေးနွေးချက်များ။ ။ လူထုစည်းရုံးရေးမှူး ဒေါ်မျိုးသန္တာထွန်းမှ ရွာလူထုအား မိတ်ဆက်၍ စီမံကိန်းစတင် ဖြစ်ပေါ်လာပုံ နှင့် ရွာလူထုနှင့် သက်ဆိုင်ကြောင်း ၊အားလုံးပူးပေါင်းပါဝင်မှသာ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်မည် ဖြစ်သောကြောင့် ပူးပေါင်းပေးရန် ပြောကြားခဲ့သည်။

ဆွေးနွေးချက်။ ။ ဒေါ်မျိုးသန္တာထွန်းမှ စီမံကိန်းမိတ်ဆက် (၁၅)ချက် အားရှင်းပြခဲ့သည်။ စီမံကိန်းစက်ဝန်းကို ရှင်းပြခဲ့ပြီး အပိုင်း (၆) ပိုင်းနှင့် အဆင့် (၁၄) ဆင့်ကိုလည်း ရှင်းပြခဲ့သည်။

ဆုံးဖြတ်ချက်

သဘောတူညီချက်

ဆွေးနွေးချက်။

ဆုံးဖြတ်ချက်

သဘောတူညီချက်

။ ဆက်လက်၍ စီမံကိန်းတွင် အဓိကတာဝန်ရှိသူများ နှင့်၎င်းတို့၏ အဓိကတာဝန်များအကြောင်းရှင်း ပြခဲ့ပါသည်။ ထို့နောက် ရှင်းပြချက်များကို နားလည်မှုရှိမရှိ မေးမြန်း၍ လူထုမှနားလည် သဖြင့် ဆက်လက်၍ ဆွေးနွေးအနှစ်ချုပ်ခဲ့ပါ သည်။

ထို့နောက် ဆက်၍ ဒေါ်မျိုးသန္တာထွန်းမှ ကျေး ရွာဒေတာနာ့ဝန် ထမ်းရွေးချယ်ရန် တာဝန်နှင့် ဝတ္တရားများကို ရှင်းပြခဲ့သည်။ အမျိုးသား အဆိုပြုသူ နှင့် အမျိုးသမီး အဆိုပြုသူများ ကို မဲစနစ်ဖြင့် ရွေးချယ်မည်ဖြစ်ကြောင်း ရှင်းပြ၍ ဦးသန်းထွန်း၊ ဦးမြလွင်၊ ဦးမိုးဆွေ၊ ဒေါ်သီသီဝင်း၊ ဒေါ်မြင့်မော်၊ ဒေါ်ဝင်းသူဇာ တို့မှ မဲအများဆုံးရရှိသူ ဦးသန်းထွန်းနှင့် ဒေါ်သီသီဝင်း တို့အား ရွေးချယ်ခဲ့သည်။ ထို့နောက် ရွာသားများနှင့် ဆွေးနွေးခြင်း များအပေါ် ကျေးဇူးတင်ကြောင်းပြော၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ

ဒေါ်မျိုးသန္တာထွန်း

လူထုစည်းရုံးရေးမှူး

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကော့မှူးမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ကျေးရွာ | နရဲချောင် |
| ကျေးရွာအုပ်စု | နရဲချောင် |
| အစည်းအဝေးပြုလုပ်သည့်နေရာ | နရဲချောင်ဘုရားဝန်းအတွင်း |
| အစည်းအဝေးပြုလုပ်သည့်နေ့ရက် | ၂၅.၁.၂၀၁၇ (ဗုဒ္ဓဟူးနေ့) |
| အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ | ကျေးရွာဖွံ့ဖြိုးရေး စီမံချက် အစည်းအဝေး |

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၄၉ )ဦး ၊မ ( ၅၆ )ဦး= (၁၀၅) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

အမျိုးသားများနှင့် အမျိုးသမီးများ၏ အခက်အခဲများအား သိရှိစေရန်၊ ကျေးရွာ၏ မျှော်မှန်းချက်၊ ဦးစားပေးလုပ်ငန်းခွဲများ သိရှိစေရန်၊ စီမံကိန်းလုပ်ငန်းခွဲများအား ဦးဆောင်လုပ်ကိုင်နိုင်စေသည့် စီမံခန့်ခွဲမှု ကော်မတီဝင်များ ထွက်ပေါ်လာစေရန်။

ဆွေးနွေးချက်။ ။ဒေါ်မျိုးသန္တာထွန်းမှ အမျိုးသား၊ အမျိုးသမီးများအား ခွဲခြား အခက်အခဲများ၊ ကျေးရွာအတွက် မျှော်မှန်းချက်များကိုဖော်ထုတ်ခဲ့သည်။ ၎င်းအခက်အခဲများမှ မျှော်မှန်းချက်ဆီသို့ ရောက်ရှိရန် စီမံကိန်းလုပ်ငန်းခွဲများဖြင့် သွားမှသာ ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အမျိုးသမီး နှင့် အမျိုးသားများ၏ ထွက်ပေါ်လာသော ဖွံ့ဖြိုးရေး လုပ်ငန်းများအား လုံးကို မဲခွဲနည်းဖြင့် ဦးစားပေး သတ်မှတ် ခဲ့သည်။

(၃၃၅မဲ)

ဆုံးဖြတ်ချက်။ ။မဲပေးရွေးချယ်ရာတွင် (၁) ကျေးရွာ ဖြင့် လမ်းများ၊ (၂၃၈မဲ)

သဘောတူညီချက် (၂) ကျေးရွာတွင်းလမ်းများ၊ (၃) သောက်ရေကန် ခြံစည်းရိုး (၁၁၆) မဲ၊ (၄) ချောင်းရေကာတာ (၁၀၄) မဲ၊ (၅) တံတားပြုပြင်ရေး (၇၇) မဲ၊ (၆) ကျေးရွာလျှပ်စစ်မီး (၀) မဲ တို့ဖြင့် ဖွင့်လင်း

ဆုံးဖြတ်ချက်။

သဘောတူညီချက်

။ မြင်သာမှုရှိစွာဖြင့် ရွေးချယ်ခဲ့ပါသည်။
ကျေးရွာ၏ ဦးစားပေး လုပ်ငန်းများအား စီမံခန့်ခွဲနိုင်
ရန်ကျေးရွာဆီ/တောက် ခေါင်းဆောင် ထားရှိရမည်
ဟု ဆွေးနွေးပြီး ၎င်းတို့ တာဝန်များ ပြောပြီး အ
မျိုးသား (၃) ဦး နှင့် အမျိုးသမီး (၃) ဦး ဆီ အဆို
ပြုကြပြီး မဲခနစ်ဖြင့် ရွေးချယ် ထားရှိရန် ဆွေးနွေး
ခဲ့သည်။ အဆိုပြုသူ ဦးပြာဘာ ၊ ဦး နိုင်ဦး ၊ ဦး
သိန်းရွှေ နှင့် ဒေါ်ဝင်းဝင်းနွယ်၊ ဒေါ်စန်းကြည်၊
ဒေါ်ခင်မြင့်ကြည် တို့ မှ မဲအများဆုံးရရှိသူ
ဦး ဦးပြာဘာနှင့် ဒေါ်ဝင်းဝင်းနွယ် တို့အား ရွေး
ချယ်ခဲ့သည်။
ကျေးရွာငွေစာရင်းကိုင် ရွေးချယ်ရာတွင် အဆို
ပြုသူ ဦးသိန်းရွှေ ၊ ဦး နိုင်ဦး နှင့် ဦး တင့်လွင်ဦး
တို့အနက် မဲအများဆုံး ရရှိသူ ဦးသိန်းရွှေအား
ရွေးချယ်ခဲ့သည်။
ဝယ်ယူရေး ဆပ်ကော်မတီအတွက် ရွေးချယ်ရာတွင်
အဆိုပြုသူ ဦးတင့်လွင်ဦး ၊ ဦးနိုင်ဦး ၊ ဦး သန်းရွှေ ၊
ဒေါ်လဲ့လဲ့ဆွေ ၊ ဒေါ်တင်တင်မော် ၊ ဒေါ်ခင်မြင့်ကြည်
တို့ မှ မဲအများဆုံး ရရှိသူ ဦးတင့်လွင်ဦး နှင့်
ဒေါ်တင်တင်မော်တို့အား ရွေးချယ်ခဲ့သည်။
ယှဉ်ပတ်ထိန်းသိမ်းရေး ဆပ်ကော်မတီ ရွေး
ချယ်ရာတွင် ဦးစိုးမြင့် ၊ ဦးသန်းဇော်မိုး ၊ ဦး
စန်းငွေ ၊ ဒေါ်စန်းကြည် ၊ ဒေါ်ခင်မြင့်ကြည် ၊
ဒေါ်သန်းငွေ တို့ မှ ဦးစိုးမြင့် နှင့် ဒေါ်စန်းကြည်
တို့မှ မဲအများဆုံး ရရှိသဖြင့် ရွေးချယ်ခဲ့သည်။

ဆုံးဖြတ်ချက်။

သဘောတူညီချက်

။ စောင့်ကြည့်ကြီးကြပ်ရေး ရွေးချယ်ရာတွင် ဦးတင်မောင်ဝင်း၊ ဦးစန်းငွေ၊ ဦးသန်းဇော်မိုး၊ ဒေါ်လဲ့လဲ့ဆွေ၊ ဒေါ်စန်းကြည်၊ ဒေါ်ခင်မြင့်ကြည် တို့အနက် မဲအများဆုံး ရရှိသူ ဦးတင်မောင်ဝင်းနှင့် ဒေါ်လဲ့လဲ့ဆွေ တို့အား ရွေးချယ်ခဲ့သည်။

ဝေဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရေးအဖွဲ့ ရွေးချယ်ရာတွင် ကိုနိုင်ဦး၊ ဦးစန်းငွေ၊ ဦးတင်ထေး၊ ဒေါ်ဥမ္မာ၊ ဒေါ်ခင်မြင့်ကြည်၊ ဒေါ်စန်းကြည် တို့မှ မဲအများဆုံး ရရှိသူ ကိုနိုင်ဦးနှင့် ဒေါ်ဥမ္မာအား ရွေးချယ်ခဲ့သည်။

ကျေးရွာလူထုအား မဲစနစ်ဖြင့် ရွေးချယ်ခြင်းမှာ ပွင့်လင်းမြင်သာမှု ရှိစေရန် ပြုလုပ်ဆွေးနွေးခြင်း၊ သည့်အပေါ် သဘောတူညီမှု ရှိမရှိ မေးခဲ့ရာ အားလုံးသဘောတူညီကြသဖြင့် ရွေးချယ်ခံရသူများကို ကျင့်ဝတ်၊ ဆောင်ရန်၊ ရှောင်ရန်များကို ရှင်းပြ၍ လက်မှတ်ထိုး သဘောတူခဲ့ကြပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ

ဒေါ်ယိုးသန္တာထွန်း

လူထုစည်းရုံးရေးမှူး

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-
မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊